# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 8 , 2022 | Volume 56, Number 6


| ၈.၇.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၄၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၁၈၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၇၀.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၈.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၁၀.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၀.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၅.၈၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၇.၈၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၁.၃၅၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## မတ်ပဲဈေးအပြောင်းအလဲနှင့်ဈေးကွက်

မတ်ပဲဈေးနှုန်းတက်လာနေပြီး ဈေးနှုန်းအမြင့်ဖြင့်ရပ်တည်နေခဲ့သည်မှာ သီတင်းပတ်အနည်းငယ် ကြာခဲ့ပြီဖြစ်သည်။ သို့သော် ယခုရက်ပိုင်းအတွင်း မတ်ပဲဈေး အကျဖက်သို့ အနည်းငယ်ပြန်လည်ရောက်ရှိလာသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ယခင်သီတင်းပတ်မှ ယနေ့အထိဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ ဇွန်လ ၁ ရက်နေ့တွင် တစ်တင်းလျှင်ကျပ် ၅၅၈၀၀၀၊ ၂ ရက်နေ့တွင် ကျပ် ၅၆၀၀၀၀၊ ၃ ရက်နေ့တွင် ကျပ် ၅၆၂၀၀၀၊ ၄ ရက်နေ့တွင် ကျပ် ၅၆၂၀၀၀၊ ၅ ရက်နေ့တွင် ကျပ် ၅၅၇၀၀၀၊ ၆ ရက်နေ့တွင် ကျပ် ၅၅၅၀၀၀၊ ၇ ရက်နေ့ နံနက်ပိုင်းတွင် ကျပ် ၅၃၆၀၀၀ နှင့် နေ့လည်ပိုင်းတွင် ကျပ် ၅၄၅၀၀၀ အသီးသီးဖြစ်ပါသည်။

အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံမှ သတင်းဌာနများ၏ ထုတ်ပြန်ကြေငြာချက်အရ မြန်မာမတ်ပဲကို အိန္ဒိယကအရန်ပဲအဖြစ် ဆက်လက်ဝယ်ယူမည်ဖြစ်ပြီး မြန်မာမတ်ပဲသည်လည်း လက်ကျန်နည်းပါးလာသည့် အခြေအနေဖြစ်သည်။ ထို့အပြင် အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှုနည်းပါးသည့်ဖြစ်စဉ်များကြောင့် ပဲစိုက်ဧရိယာကျဆင်းခြင်းနှင့် ဝယ်လိုအားကောင်းလာမှုများကြောင့် မတ်ပဲဈေးတက်လာခဲ့သည်။

ယခုရက်ပိုင်းအတွင်းမတ်ပဲဈေးနှုန်းပြန်လည်ကျဆင်းလာခဲ့ပြီး ဇူလိုင် ၇ ရက်နေ့တွင် မနက်ပိုင်း နေ့လည်ပိုင်း ဈေးနှုန်းကွာခြားချက် များပြားစွာ ဈေးအတက်အကျဖြစ်ပေါ်ခဲ့သည်။ ပြည်တွင်းပဲမျိုးစုံအပါအဝင် ပို့ကုန်သွင်းကုန်များ၏ ဈေးနှုန်းများ မတည်ငြိမ်ပဲ အရောင်းအဝယ်အေးနေသည်။

အရောင်းရှိသော်လည်းအဝယ်မရှိကြောင်း၊ နိုင်ငံတော်မှထုတ်ပြန်သော အမိန့်ကြော်ငြာစာများအရ အချိန်ကာလအလျောက် မူဝါဒအမျိုးမျိုးပြောင်းလဲလျှက်ရှိပြီး ဈေးကွက်အပေါ် ယုံကြည်မှုကျဆင်းလာကြကြောင်း၊ ထို့ကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာဖြစ်ပေါ်ပြီး ဈေးကျဆင်းလာခြင်းဖြစ်ကြောင်း၊ ပဲဈေးနှုန်းနှင့် ပဲဈေးကွက်အခြေအနေများသည် နိုင်ငံရေးအခြေအနေများပေါ်တွင်လည်း မူတည်ကြောင်း သတင်းရင်းမြစ်တစ်ခုမှ သိရသည်။

ယနေ့(ဇွန်လ ၇ ရက်)အထိ ချန်နိုင်းဈေးကွက်တွင် မတ်ပဲ SQ ဈေးနှုန်း အတက် အကျမရှိ ဈေးအမြင့်တွင်တည်ငြိမ်နေပြီး ဇွန်လ ၁ ရက်နေ့မှစတင်ကာ မိုးရွာသွန်းမှု များလာသောကြောင့် အိန္ဒိယ၏ ပဲစိုက်ဧရိယာတိုးလာပြီး ယခင်ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိလာကြောင်းသိရသည်။

ပြည်တွင်းပဲလက်ကျန်နည်းနေသော်လည်း ပြည်တွင်းဈေးနှုန်းနှင့် တင်သွင်းမှုများအပေါ် အိန္ဒိယအစိုးရက မူဝါဒများချမှတ်ကာ ထိန်းကြောင်းသွားမည်ဖြစ်ကြောင်း


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

နှင့် မြန်မာပြည်တွင်းပဲဈေးကွက်သည်လည်း ရက်အနည်းငယ်မျှ စောင့်ကြည့်ရမည့်အခြေအနေဖြစ်ကြောင်း မတ်ပဲဈေးနှုန်းသည် ယခုရက်ပိုင်းအတွင်း တည်ငြိမ်မည်မဟုတ်ကြောင်း ဈေးအမြင့်သို့ ဆက်လက်မျှော်လင့်နိုင်မည် မဟုတ်ကြောင်း သိရသည်။

**Source: ရောကုန်သွယ်မှုဇဟိုဌာန**

## ဆန်၊ စပါး၊ ပဲမျိုးစုံ၊ ပြောင်း တစ်ပတ်အတွင်း ဈေးနှုန်းအတက်အကျ



https://greenwaymyanmar.com

### ဆန်၊ စပါး

ရန်ကုန်ဈေးကွက်မှာတော့ ဆန်ဈေးက တစ်လနီးပါးငြိမ်နေပါတယ်။ ဆန်အဝင်ကတော့ ပုံမှန်ရှိနေပြီး အရောင်းအဝယ်ကတော့ အေးနေပါတယ်။ ရောဝတီတိုင်းဈေးကွက်မှာတော့ စပါးလက်ကျန်တွေမရှိတော့ဘဲ ဈေးကောင်းပေးဝယ်နေတဲ့အတွက် ဈေးက ဆက်တက်နေပါတယ်။

ရောဝတီတိုင်း ပုသိမ်ဈေးကွက်မှာ ပုသိမ်ပေါ်ဆန်းစပါးက တင်း ၁၀၀ ကို ၁၂၆၄၀၀၀ ပေါက်ဈေးရှိနေပြီး တင်း ၁၀၀ ကို ၃၇၀၀၀ ကျပ် ဈေးတက်လာပြီး ဆန်ကတော့ တစ်အိတ်ကို ၅ သောင်းနဲ့ ဈေးငြိမ်နေပါတယ်။ ပုသိမ်ဧည့်မထ(မိုး)စပါးကတော့ တင်း ၁၀၀ ကို ၈၇၄၀၀၀ ပေါက်ဈေးရှိပြီး ၁၈၀၀၀ ကျပ်၊ ဧည့်မထ(နွေ) စပါးကတော့ တင်း ၁၀၀ ကို ၈၅၆၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၄၆၀၀၀ ကျပ် ဈေးတက်လာပါတယ်။ ဆန်ကတော့ တစ်အိတ်ကို ၃၁၀၀၀၀ ပေါက်ဈေးရှိပြီး ၅၀၀ ကျပ်ဈေးတက်လာပါတယ်။

မြောင်းမြပေါ်ဆန်းစပါးကတော့ ဈေးငြိမ်ပါတယ်။ မြောင်းမြ ဧည့်မထ(နွေ) နှင့် (မိုး)စပါးတွေကတော့ တင်း ၁၀၀ ကို ၈၈၃၀၀၀ ကနေ ၉၂၉၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၁၈၀၀၀ ကနေ ၁၉၀၀၀ ကြားဈေးထပ် တက်လာပါတယ်။ ဆန်ကတော့ ငြိမ်ပါတယ်။မြန်မာနိုင်ငံဆန်စပါးအသင်းရဲ့ ထုတ်ပြန်ချက်စာရင်းအရ ပြီးခဲ့တဲ့ သုံးလအတွင်း ပြည်ပကို ဆန် နဲ့ ဆန်ကွဲ တန် ၅ သိန်းခွဲကျော် တင်ပို့ရောင်းချနိုင်ခဲ့တယ်လို့သိရပါတယ်။ တရုတ်တင်ပို့မှု နည်းတဲ့အတွက် ပြီးခဲ့တဲ့ နှစ်တွေနဲ့ ယှဉ်ရင်တော့ လျော့ကျသွားပါတယ်။

### မတ်ပဲ

ရန်ကုန်ဈေးကွက်မှာတော့ မတ်ပဲ(FAQ/RC – 2022) ဟာ ဒီတစ်ပတ်အဖွင့်ဈေးမှာ တစ်တန်ကို ကျပ် ၁၇ သိန်းကျော်အထိ ဈေးတက်ခဲ့ရာကနေ အပိတ်ဈေးမှာတော့ တစ်တန်ကို ၁၆၂၇၅၀၀ ထိ ဈေးကျသွားပြီး လေးရက်အတွင်း ၈၀၀၀၀ ကျသွားတာပါ။ မတ်ပဲ(SQ/RC – 2021) ကတော့ အကျပိုကြမ်းပါတယ်။ ဒီတစ်ပတ်အဖွင့်ဈေးမှာ တစ်တန်ကို ကျပ် ၁၉၃၇၅၀၀ ထိ ဈေးတက်ခဲ့ရာကနေ အပိတ်ဈေးမှာတော့ တစ်တန်ကို ၁၈၄၇၅၀၀ ထိ ဈေးကျသွားပြီး လေးရက်အတွင်း ၉၀၀၀၀ ကျသွားတာပါ။ အဝယ်တွေကို ပြန်ထိန်းလိုက်တဲ့အတွက် အခုလို ဈေးတွေ ရုတ်တရက် ပြန်ကျဆင်းသွားတာဖြစ်တယ်လို့ ကုန်သည်အချို့က သုံးသပ်ပါတယ်။ ရောကုန်သွယ်မှုဇဟိုဌာနကတော့ မတ်ပဲဈေးဟာ ရက်ပိုင်းအတွင်း ပြန်တက်နိုင်ဖွယ် မရှိဘူးလို့ သုံးသပ်ထားပါတယ်။နယ်ဈေးကွက်တွေမှာတော့ ပစ္စည်းလက်ကျန်လည်း နည်းနေတဲ့အတွက် ဈေးအတက်အကျ အများကြီး မရှိဘူးလို့ သိရပါတယ်။

### ပဲစင်းငုံနီ

ပဲစင်းငုံနီကတော့ ပြီးခဲ့တဲ့အပတ်က ဈေးတက်လာပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးပြန်ကျဆင်းသွားပါတယ်။ မတ်ပဲလောက် အများကြီးမကျဆင်းပဲ ဈေးကဖြေးဖြေးကျဆင်းနေတာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ပဲစင်းငုံနီအထွက်နှုန်း လျော့ကျမယ်ဆိုတဲ့ သတင်းတွေကြောင့် ပဲစင်းငုံနီက ဈေးပြန်တက်လာတာဖြစ်တဲ့အတွက် လက်ရှိကျဆင်းသွားပေမယ့် ပြန်တက်နိုင်ဦးမယ်လို့ ကုန်သည်တွေက ခန့်မှန်းထားပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီ တစ်တန်ကို ကျပ် ၁၄ သိန်း ၇ သောင်းပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင်တော့ တစ်တန်ကို ၂ သောင်းကျော်ဈေးကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၃၈၀၀၀ ကနေ ၁၄၀၀၀၀ ပေါက်ဈေးရှိပြီး အတက်ဈေးနဲ့ငြိမ်နေပါတယ်။ ပခုက္ကူဈေးကွက်၊ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်တို့မှာတော့ ပဲစင်းငုံနီက တစ်တင်းကို ၄၅၇၀၀ ကနေ ၄၆၀၀၀ ကြား ပေါက်ဈေးရှိပါတယ်။

**ကုလားပဲ**

ပြီးခဲ့တဲ့အပတ်က အနည်းငယ်ဈေးကျဆင်းသွားတဲ့ ကုလားပဲကတော့ ဒီတစ်ပတ်မှာ ဈေးအနည်းငယ်ပြန် တက်လာပါတယ်။ လက်ကျန်ပဲ လျော့နည်းလာပြီဖြစ်တဲ့အတွက် ဈေးကအတက်အကျတည်ငြိမ်မှုမရှိပါဘူး။ လက်ရှိလှောင်ထားသူတွေအနေနဲ့ကတော့ ဈေးကောင်းရရှိနေတဲ့အနေအထားဖြစ်ပြီး ဈေးဆက်တက်နိုင်ခြေနည်းသွားကာ လက်ရှိအတက်ဈေးနဲ့ပဲ ဆက်ရှိသွားမယ့်အခြေအနေဖြစ်တယ်လို့ သုံးသပ်ရပါတယ်။

**ပြောင်းဆံ**

ပြောင်းဆံကတော့ဈေးတွေ ကျဆင်းနေပါတယ်။ လက်ရှိအချိန်ထိ တင်ပို့မှုနဲ့ပတ်သက်လို့ ဆွေးနွေးမှုတွေ ပြုလုပ်နေပေမယ့် အဆင်မပြေသေးဘူးလို့သိရပါတယ်။ ဈေးတွေက ဆက်ကျဆင်းနေတယ်ဆိုပေမယ့် ဝယ်ယူမှုတွေကတော့ ပုံမှန်ရှိနေလို့ နယ်ဈေးကွက်တွေမှာတော့ အများကြီး ကျဆင်းသွားတာမျိုး မရှိပါဘူး။

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို အခြေခံဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/market_price_for_july8

## ငါးဈေးကွက်အတွင်း ငါးမြစ်ချင်းဈေးကောင်းရရှိသည့်အတွက် မွေးမြူသူများအဆင်ပြေနေ

ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့တင်ပို့နေရသော ငါးမြစ်ချင်းဈေးကောင်းရရှိသည့်အတွက် ငါးမွေးမြူသူများ အဆင်ပြေနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရသိရသည်။ "အခုက ငါးမြစ်ချင်း ဈေးကောင်းရနေတယ်။ ရေသယံဇာတထိန်းသိမ်းတဲ့အနေနဲ့ ပင်လယ်ပြင်ငါးဖမ်းဆီးမှု သုံးလပိတ်ထားတဲ့ ကာလဖြစ်လို့ မွေးမြူရေးငါးတွေ ဈေးကောင်းရနေတဲ့သဘောပါ။ အဲဒီလိုဈေးကောင်းရနေတော့ အစာဈေးတက်လည်း မွေးမြူသူတွေအနေနဲ့ တွက်ခြေကိုက်ပါတယ်" ဟု ၎င်းကပြောသည်။

လက်ရှိတွင် ငါးမြစ်ချင်း 3Kg တစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀၊ 2Kg တစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀၊ 1.8 Kg တစ်ပိဿာလျှင် ငွေကျပ် ၄၇၀၀၊ 1.3Kg/1.8 Kg တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ခန့်ရှိပြီး 1.1Kg/ 1.3 Kg တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀၊ ၄၀၀၀ ဝန်းကျင်နှင့် 0.9Kg/ 1.1 Kg တစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀ ရှိကာ အသေးဆုံးဆိုဒ်မှာ ငွေကျပ် ၂၅၀၀ ခန့်ရှိကြောင်း သိရသည်။

ငါးမြစ်ချင်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အပြင် တခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌လည်း မွေးမြူကြကြောင်း၊ ငါးမြစ်ချင်းသည် ပြည်တွင်းစားသုံးမှုများသည့်အပြင် ပြည်ပနိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဒူဘိုင်းနှင့်ဆော်ဒီနိုင်ငံတို့သို့လည်း တင်ပို့မှုရှိကြောင်းသိရသည်။

https://www.myawady.net.mm/node/27755

## စားအုန်းဆီ ပို့ကုန်ခွန်လျှော့ချပေးရန် စဉ်းစားနေဟု အင်ဒိုနီးရှားဝန်ကြီးပြောကြား



https://www.foodindustrydirectory.com.mm

အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ စားအုန်းဆီပြည်ပတင်ပို့မှုအပေါ် ပို့ကုန်ခွန် စည်းကြပ်မှုအား ဖြတ်တောက်ရန်စဉ်းစားနေကြောင်း အစိုးရအဖွဲ့ဝန်ကြီးတစ်ဦးက ကြာသပတေးနေ့ (ဇူလိုင် ၇ ) တွင် ပြောကြားခဲ့သည်။

ပြည်တွင်းဟင်းချက်ဆီများ ဖူလုံစေရေးကိုကာကွယ်ရန်ရည်ရွယ်ပြီး ပြည်ပတင်ပို့မှုတားမြစ်ခဲ့ခြင်းကြောင့် စားအုန်းဆီသိုလှောင်မှု များပြားလွန်းနေသည်ကို ဖြေဖျောက်ရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။ စားဆီကို ကမ္ဘာ့အများဆုံး ထုတ်လုပ်ပေးသည့် အင်ဒိုနီးရှားနိုင်ငံသည် ပြည်ပတင်ပို့မှုကို သီတင်းပတ် ၃ ပတ်တိုင်တိုင်ပိတ်ပင်ခဲ့ပြီး မေလကုန်ပိုင်းတွင် ပြန်ဖွင့်ပေးပြီးသည့်နောက်တွင် မူဝါဒအမျိုးမျိုး ပြောင်းလဲလျက်ရှိသည်။

ပြည်တွင်း သိုလှောင်ကန်များပြည့်နေသဖြင့် ဆီစက်များ ဆီထားဖို့နေရာမရှိသောကြောင့် အလုပ်ရပ်ထားကြရသည်။ ဆီလှောင်ကန်များထဲမှ ဆီများကိုရှင်းထုတ်ပြီး ဆီစက်များ ထုတ်လုပ်မည့်ဆီများ ထားသိုဖို့ နေရာရရှိရေးကို ဆောင်ရွက်နိုင်မှ

ဆီစက်များ ပုံမှန်လည်ပတ်နိုင်မည်ဖြစ်ပြီး ထိုသို့လည်ပတ်နေနိုင်မှ ဆီအုန်းစိုက်ခင်းများမှ ဆီအုန်းခိုင်များ ဝယ်ယူနိုင်မည်။ ထိုသို့ အဝယ်လိုက်မှသာလျှင် ဆီစက်များ ရပ်ထားသဖြင့် ဝယ်လိုအား မရှိသောကြောင့် ဈေးပြုတ်ကျနေသော ဆီအုန်းခိုင်များ ဈေးပြန်ရလာမည်။ ဈေးမရသဖြင့် ဒုက္ခရောက်ပြီး မကျေမနပ်ဖြစ်နေကြသော ဆီအုန်းစိုက်ပျိုးသူ လယ်သမားများ အဆင်ပြေကြမည်။ သို့ဖြစ်ရာ ပြည်ပသို့ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း ဝါရင့်ဝန်ကြီး Luhut Pandjaitan က ပြောကြားသည်။ "တင်ပို့မှု စီးဆင်းဖို့အတွက် စီးပွားရေးလုပ်ငန်းတွေကိုတင်ပို့ဖို့ မက်လုံးတွေပေးဖို့လိုပါတယ်။ အဲဒီအတွက် ပို့ကုန်အခွန်စည်းကြပ်မှုကို လျှော့ချရမှာဖြစ်ပါတယ်" ဟု Luhut မှ ပြောကြားခဲ့သည်။

အင်ဒိုနီးရှားသည် ပို့ကုန်ခွန်ကို ယခင်က အများဆုံး ကန်ဒေါ်လာ ၃၇၅ သတ်မှတ်ထားခဲ့ရာမှ ဇူလိုင်လအတွက် တစ်တန်လျှင် အများဆုံး ကန်ဒေါ်လာ ၂၀၀ သို့ လျှော့ချခဲ့သော်လည်း ဩဂုတ်လတွင် ကန်ဒေါ်လာ ၂၄၀ သို့ တိုးမြှင့်မည် ဖြစ်သည်။ အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီးဌာနသည် ၎င်း၏ပို့ကုန်ရည်ညွှန်းဈေးနှုန်းကို လစဉ်အစား နှစ်ပတ်တစ်ကြိမ် သတ်မှတ်ရန် စဉ်းစားနေကြောင်း၊ သို့မှသာ အပြောင်းအလဲမြန်သော နိုင်ငံတကာဈေးနှုန်းများကို ပိုမိုထင်ဟပ်စေမည်ဟု ပြောကြားပါသည်။

အင်ဒိုနီးရှား၊ မလေးရှားနှင့် ဥရောပနိုင်ငံများရှိ စားအုန်းဆီဈေးနှုန်းများကို အခြေခံ၍ ရည်ညွှန်းဈေးနှုန်း သတ်မှတ်ပြီး ပို့ကုန်အခွန်ပမာဏကို သတ်မှတ်ရန် ၎င်းရည်ညွှန်းဈေးနှုန်းကို အသုံးပြုပါသည်။ နောက်ဆုံးသတ်မှတ်သည့် ရည်ညွှန်းဈေးနှုန်း ရချိန်မှာ ရောင်းဈေးသည် တစ်တန် ကန်ဒေါ်လာ ၁,၅၀၀ ကျော်ပါက အခွန်နှုန်းထားအမြင့်ဆုံးဖြင့် စည်းကြပ်သည်။ ထို့အပြင် သီးခြားပို့ကုန်ခွန်အဖြစ် တစ်တန်လျှင် ကန်ဒေါ်လာ ၂၈၈ ကောက်ခံသည်။

အင်ဒိုနီးရှား၏ တင်ပို့ရောင်းချမှုများ ပြန်လည်စတင်ခြင်း၊ အထွက်တိုးခြင်းနှင့် စီးပွားရေးကျဆင်းမှုကို စိုးရိမ်ခြင်းတို့ကြောင့် အာရှစားအုန်းဆီဈေးနှုန်းများ မကြာသေးမီရက်သတ္တပတ်များအတွင်း ကျဆင်းခဲ့သည်။ မလေးရှားစားအုန်းဆီဈေးသည် ယခုလတွင် ၁၈ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ အင်ဒိုနီးရှား၏ ဆီအုန်းရိတ်သိမ်းရာသီ အမြင့်ဆုံးအချိန်တွင် လယ်သမားများထံမှ စားအုန်းဆီများ ပိုမိုဝယ်ယူရန် ကုမ္ပဏီများအတွက် ဆီထားသိုဖို့ နေရာရှင်းလင်းရန် အစိုးရသည် စားအုန်းဆီများကို "ရှင်းထုတ်" ဖို့ ကြိုးပမ်းနေသည်။ "ရှင်းထုတ်တာကို လုပ်နေပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ မျှော်လင့်တဲ့ ရလဒ်ကို မရသေးဘူး" ဟု Luhut က ပြောကြားသည်။ အင်ဒိုနီးရှားစားအုန်းဆီဘုတ်အဖွဲ့ဥက္ကဋ္ဌ Sahat Sinaga က ပြည်တွင်းစားအုန်းဆီသိုလှောင်မှုသည် ပြည်ပတင်ပို့မှုများ ပိတ်ပင်ခဲ့ပြီးသည့်နောက်တွင် တန်ချိန် ၆ ဒသမ ၂ သန်းအထိ မြင့်တက်လာခဲ့သည်ဟုဆိုသည်။

အင်ဒိုနီးရှား၏ ပို့ကုန်မူဝါဒများ အဆက်မပြတ် အပြောင်းအလဲများကြောင့် ဝယ်လက်များသတိထားနေရပြီး ပို့ကုန်လုပ်ငန်းရှင်များသည် သင်္ဘောများရဖို့ အခက်အခဲများနှင့်ရင်ဆိုင်နေကြရသည်။

နိုင်ငံတကာဈေးနှုန်းများ ကျဆင်းခြင်းနှင့် ပို့ကုန်အခွန်များ မြင့်မားခြင်းတို့ကြောင့် ကုမ္ပဏီများအား ပို့ကုန်များ ခေတ္တရပ်ရန် အကြောင်းပြချက် ရရှိနေစေပြီး ဖြေလျှော့ပေးရန် တောင်းဆိုမှုများရှိနေကြောင်း ၎င်းကပြောသည်။ "အခွန်နဲ့စည်းကြပ်မှုအတွက် ၂၅ ရာခိုင်နှုန်း ချော့ပေးဖို့ အကြံပြုချင်ပါတယ်" ဟု ၎င်းကဆိုသည်။ လက်ရှိ ပို့ကုန်ခွဲတမ်းဖြင့် တင်ပို့နေကြခြင်းများသည် ဩဂုတ်လနှောင်းပိုင်းအထိ ပုံမှန်မဖြစ်နိုင်သေးဟု ၎င်းက သုံးသပ်သည်။

စားအုန်းဆီစက်အချို့သည် ဆီအုန်းခိုင်များဝယ်ယူခြင်းကို ရပ်တန့်ထားဆဲဖြစ်ပြီး အချို့မှာဈေးနှုန်းအနိမ့်ဖြင့်သာ ဝယ်ယူနေကြကြောင်း ဆီအုန်းစိုက်ခင်းတောင်သူများက ပြောကြားကြသည်။ အနောက်ကာလီမန်တန် ပြည်နယ်တွင် လယ်သမားများသည် ဆီစက်မှ နေ့စဉ်ဝယ်ယူမှု ခွဲတမ်းသတ်မှတ်ထားသည့်အတွက် ဆီအုန်းရောင်းချရန် ရက်အတန်ကြာ စောင့်ဆိုင်းရကြောင်း လယ်သမား Albertus Wawan က ပြောကြားသည်။ ဆီအုန်းများ အပြည့်တင်ထားကြသည့် ထရပ်ကားများ စီတန်းရပ်ထားသည့် တန်းအရှည်ကြီးသည် မိမိအလှည့်ရောက်မည့်ရက်ကို စောင့်ဆိုင်းနေကြရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables.html

## ဗီယက်နမ်က စက်သုံးဆီအပေါ်ကောက်ခံသည့်အခွန်ကို ထက်ဝက်လျှော့ချမည်

ဗီယက်နမ်အမျိုးသားလွှတ်တော်က စက်သုံးဆီအပေါ် ကောက်ခံသည့် ပတ်ဝန်းကျင်ဆိုင်ရာအခွန်ကို သုံးလအတွင်း ဒုတိယအကြိမ်အဖြစ် ထက်ဝက်လျှော့ချမည့် အစီအစဉ်ကို ဇူလိုင် ၆ ရက်တွင် အတည်ပြုလိုက်သည်။ နိုင်ငံအတွင်း စက်သုံးဆီဈေးနှုန်းမြင့်တက်မှုက လက်ရှိဖြစ်ပွားနေသော ငွေကြေးဖောင်းပွမှုအပေါ် ဖိအားများကျရောက်လာနိုင်မှု မြင့်မားနေစဉ် လွှတ်တော်၏ယခုအစီအစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယခုကဲ့သို့ အခွန်ထက်ဝက်လျှော့ချမှုအစီအစဉ်သည် ဇူလိုင် ၁၁ ရက်မှစတင်မည်ဖြစ်ပြီး ယခုနှစ်ကုန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ အဆိုပါ အခွန်လျှော့ချခြင်း၏ ရည်ရွယ်ချက်မှာ သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်မှုက စီးပွားရေးအပေါ် ဆိုးကျိုးများသက်ရောက်နိုင်မှုကို ထိန်းချုပ်နိုင်စေရန်ဖြစ်သည်ဟု နိုင်ငံပိုင်သတင်းဌာနက ဖော်ပြထားသည်။

ဗီယက်နမ်အစိုးရက ၂၀၂၂ ခုနှစ်အတွက် နိုင်ငံ၏ငွေကြေးဖောင်းပွမှုကို ၄ ရာခိုင်နှုန်းအောက်တွင်သာ ထိန်းသိမ်းထားရန် ရည်မှန်းထားသည်။ ဇွန်လအတွင်း ဗီယက်နမ်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုမှာ ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၃၇ ရာခိုင်နှုန်းမြင့်တက်လာကာ သယ်ယူပို့ဆောင်စရိတ်သည်လည်း ၂၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

Ref: TST

https://www.myawady.net.mm/node/27701

## မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ ခန့် ပေါက်ဈေးရှိနေ

မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ ခန့် ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ယခုလက်ရှိ ကြက်သွန်ဖြူအရောင်းအဝယ် ကောင်းမွန်သည့်အပြင် ဈေးကောင်းလည်းရရှိနေကြောင်း၊ မန္တလေးဈေးကွက်အတွင်း၌လည်း အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဈေးနှုန်းများပါ မြင့်တက်လာခဲ့ကြောင်းသိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ကြက်သွန်ဖြူတွေကို ကုန်သည်တွေအနေနဲ့ အဝယ်တော်တော်များ လာတယ်။ ကြက်သွန်ဖြူအဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ ဈေးကချက်ချင်းထိုးတက် သွားတယ်။ အခုလတ်တလော မုံရွာကနေ မန္တလေးကိုတင်ပို့တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့အခြားမြို့ကြီး တွေကိုလဲ ပြန်ပြီးတင်ပို့နေရပါတယ်။ လတ်တလော ကြက်သွန်ဖြူအသစ်တွေလဲ လက်ကျန်ရှားနေတော့ ဈေးနှုန်းက အတက်ဘက်ပြန်ရောက်လာတယ်" ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

ဇွန်လ နောက်ဆုံးပတ်က အဝယ်သိပ်မလိုက်ခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ခန့်သာရှိခဲ့သော်လည်း ယခုလက်ရှိ ပြည်တွင်းဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းလာခြင်းကြောင့် ဇူလိုင် ၆ ရက်မှစ၍ မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ ခန့်ရှိလာပြီး ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဘန်ကောက်ကျောက်မျက်ရတနာပြပွဲ ၂၀၂၂ သို့ မြန်မာကုမ္ပဏီများ ပါဝင်တက်ရောက်နိုင်

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (DIPT) က ဦးစီး၍ ဘန်ကောက်မြို့ရှိ IMPACT, Muang Thong Thani ခန်းမ၌ စက်တင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် (၆၇) ကြိမ်မြောက် ဘန်ကောက်ကျောက်မျက်ရတနာပြပွဲ ၂၀၂၂ သို့ မြန်မာနိုင်ငံမှကုမ္ပဏီများ ပါဝင်တက်ရောက်နိုင်ကြောင်းသိရသည်။

အဆိုပါပြပွဲတွင် ပါဝင်ပြသခြင်းဖြင့် မြန်မာ့ကျောက်မျက်လက်ဝတ်ရတနာပစ္စည်းများအတွက် ဈေးကွက်သစ်များ ရှာဖွေရရှိနိုင်ပြီး နိုင်ငံတကာစီးပွားရေး အခွင့်အလမ်းသစ်များ ဖော်ထုတ်နိုင်မည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင် ကုမ္ပဏီတစ်ခုလျှင် ပြခန်းတစ်ခန်း ပါဝင်ပြသနိုင်မည်ဖြစ်ကာ ပြခန်းဆယ်ခန်းကို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (DIPT)က အခမဲ့ပံ့ပိုးပေးမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ စိတ်ပါဝင်စား၍ ပါဝင်တက်ရောက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဇူလိုင် ၈ ရက်နောက်ဆုံးထားပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ အီးမေးလ် moctradefair@myantrade.gov.mm သို့ တိုက်ရိုက်ချိတ်ဆက်၍ အမည်စာရင်း၊ ပေးသွင်းနိုင်ပါကြောင်းနှင့် ပါဝင်တက်ရောက်မည်ဆိုပါက အမည်၊ ရာထူး၊ ကုမ္ပဏီ/လုပ်ငန်း/ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့်အီးမေးလ်လိပ်စာတို့ကို MICC အီးမေးလ် (mrcci.mdy@gmail.com) သို့ မိတ္တူပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။

**Source: မြန်မာ့အလင်း**

## တရုတ်-အာဆီယံကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ပြခန်း ၂၄ ခန်း ပြသခွင့်ရရှိ




Source: မြန်မာ့အလင်း

(၁၉) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် Nanning International Convintion & Exhibition Center ( NICEC) ၏ Hall 13, 2f, Zone D တွင် ပြခန်း ၂၄ ခန်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပါဝင်ပြသမည့် ကုမ္ပဏီများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကန့်သတ်ချက်များကြောင့် ကိုယ်တိုင်သွားရောက်ခွင့်ရရှိမည်မဟုတ်ဘဲ မိမိတို့ပါဝင်ပြသမည့် မြန်မာ့ထွက်ကုန်ပစ္စည်းများကို ပေးပို့၍ တရုတ်နိုင်ငံရှိ ကိုယ်စားလှယ်က တာဝန်ယူပြသမည်ဖြစ်ကြောင်းသိရသည်။ ပါဝင်ပြသမည့် ကုမ္ပဏီများသည် မြန်မာနိုင်ငံသား ကုမ္ပဏီများဖြစ်ရမည်ဖြစ်ပြီး တရုတ်နိုင်ငံ၌ ကုမ္ပဏီခွဲ(သို့မဟုတ်) ကိုယ်စားလှယ်ရှိသူဖြစ်ရန် လိုအပ်သည်။

ပြခန်းတွင် မြန်မာထွက်ကုန်ပစ္စည်းများကိုသာ ပြသရမည်ဖြစ်ပြီး တရုတ်နိုင်ငံဘက်မှ တာဝန်ယူပြသမည့် ကိုယ်စားလှယ်အား မြန်မာကုမ္ပဏီမှ ကိုယ်စားလှယ်လွှဲထားကြောင်း စာအထောက်အထားပေးအပ်ရန်နှင့် မြန်မာထွက်ကုန်ပစ္စည်းများမဟုတ်သော အခြားနိုင်ငံခြားထွက် ကုန်ပစ္စည်းများကို ပြခန်းများတွင် ပြသရောင်းချခွင့်မပြုကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

(၁၉) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပါဝင်ပြသလိုသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြပွဲဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ရုံးအမှတ် (၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ နှင့် အီးမေးလ် moctradefir@gmail.com နှင့် moctradefair@myantrade.gov.mm တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်မည်ဖြစ်သည်။

**Source: မြန်မာ့အလင်း**

## ဗီယက်နမ်နိုင်ငံ၏ ငံပြာရည်ကို နိုင်ငံတကာသို့တင်ပို့ရန် နည်းလမ်းများဖော်ထုတ်

ဗီယက်နမ်နိုင်ငံသည် ငံပြာရည်ထုတ်လုပ်မှုကို ပြည်ပသို့တင်ပို့ခြင်းဖြင့် ဈေးကွက်ချဲ့ထွင်နိုင်ရန် နည်းလမ်းများ ရှာဖွေလျက်ရှိပြီး ကုန်ပစ္စည်းနှင့်နိုင်ငံအား တွဲဖက်သိရှိစေမည့် National Brand တစ်ခုအဖြစ်လုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Phung Duc Tien က ဗီယက်နမ်ငံပြာရည်ကို ပြီးခဲ့သည့်နှစ်က အာရှဈေးကွက်သို့ ၅၄ ရာခိုင်နှုန်း၊ ဩစတြေးလျဈေးကွက်သို့ ၁၈ ရာခိုင်နှုန်းနှင့် အာဖရိကနှင့်ဥရောပဈေးကွက်သို့ ၁၃ ရာခိုင်နှုန်းတင်ပို့ခဲ့ပြီး စုစုပေါင်းတင်ပို့မှု ၁၂ ရာခိုင်နှုန်းရှိကြောင်း ပြောကြားခဲ့သည်။

မကြာသေးမီက ငံပြာရည်ထုတ်လုပ်ခြင်းများတွင် သန့်ရှင်းစင်ကြယ်မှုနှင့် လုံခြုံစိတ်ချရမှုကို တိုးတက်စေရန်နှင့် နိုင်ငံတကာဈေးကွက်၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရေးတို့အတွက် နည်းပညာအဆင့်မြှင့်တင်ခဲ့သဖြင့် ပို့ကုန်တင်ပို့မှု မြင့်တက်လာမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

လက်ရှိတွင် ငံပြာရည်ထုတ်လုပ်သည့်လုပ်ငန်း ၁၇ ခုသည် ပို့ကုန်တင်ပို့မှုလုပ်ငန်းများ စတင်လုပ်ဆောင်လာပြီဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံနေဖြင့် ငံပြာရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၅၃ သန်း ရရှိခဲ့ကြောင်း သိရသည်။

**Source: မြန်မာ့အလင်း**

## သီရိလင်္ကာနိုင်ငံ၏ အုန်းသီးနှင့်အုန်းသီးအခြေခံပစ္စည်းထုတ်လုပ်မှုကဏ္ဍ

သီရိလင်္ကာနိုင်ငံသည် ကမ္ဘာပေါ်တွင် အုန်းသီးမှထွက်ရှိသည့် ထုတ်ကုန်များကို စတုတ္ထမြောက်အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ဈေးကွက်သို့ အုန်းသီးအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်တင်ပို့သည်။

နေ့စဉ်စားသောက်သည့် စားသောက်ကုန်များတွင် အဓိကပါဝင်ပစ္စည်းဖြစ်သောကြောင့် ထွက်ရှိမှု၏ သုံးပုံနှစ်ပုံနီးပါးကို ပြည်တွင်း၌စားသုံးကြပြီး ကျန်သည်ကိုတန်ဖိုးမြှင့်ပါဝင်ပစ္စည်းများ၊ အစားအစာနှင့်အဖျော်ယမကာများ၊ အိမ်သုံးနှင့် စက်မှုလုပ်ငန်းသုံးကုန်ပစ္စည်းများအဖြစ် တင်ပို့လျက်ရှိသည်။

သီရိလင်္ကာနိုင်ငံ၏ လက်ရှိအုန်းသီးလိုအပ်ချက်အရ အုန်းသီးအခြေခံကုန်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများသည် အုန်းသီးအလုံးရေ ၄ ဘီလီယံခန့် လိုအပ်သော်လည်း ၂ ဒသမ ၈ ဘီလီယံမှ ၃ ဘီလီယံအတွင်းသာ ထုတ်လုပ်နိုင်ကြသည်။ နိုင်ငံ၏ အုန်းသီးသုတေသနဌာနအဆိုအရ အဆိုပါကဏ္ဍသည် လူဦးရေ ၇၀၀၀၀၀ အတွက် အလုပ်အကိုင်များပံ့ပိုးပေးနိုင်ပြီး အခြားသော လူဦးရေ ၁၃၅၀၀၀ ခန့်ကိုလည်း သွယ်ဝိုက်သောအားဖြင့် အလုပ်အကိုင်များ ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်တွင် သီရိလင်္ကာနိုင်ငံ၌ အုန်းစိုက်ပျိုးမြေ ဟတ်တာ ၄၄၄၀၀၀ ခန့်ရှိခဲ့ပြီး ယင်းတို့အနက် ဟတ်တာ ၇၂၀၀၀ ခန့်ကို ကုမ္ပဏီကြီးများကဆောင်ရွက်ကာ ကျန်ရှိသောစိုက်ပျိုးမြေများကို အသေးစားနှင့်အလတ်စား လုပ်ငန်းရှင်ငယ်လေးများက လုပ်ကိုင်နေသည်။ အုန်းစိုက်ပျိုးသည့်မြေ၏ ၇၅ ရာခိုင်နှုန်းမှ လုပ်ငန်းရှင်ငယ်လေးများ လုပ်ကိုင်ကြပြီး ကျန်ရှိသည် စိုက်ပျိုးမြေများကို ပုဂ္ဂလိကနှင့် အစိုးရကုမ္ပဏီများက စိုက်ပျိုးလုပ်ကိုင်ကြသည်။ လုပ်ငန်းရှင်ငယ်လေးများသည် နှစ်စဉ် စုစုပေါင်းအုန်းသီးထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်း ထုတ်လုပ်ကြသော်လည်း အဖွဲ့အစည်းအနေဖြင့် ကောင်းမွန်စွာ ဖွဲ့စည်းနိုင်ခြင်း မရှိသေးသည်ကို တွေ့ရသည်။

နှစ်စဉ် အုန်းသီးစိုက်ပျိုးထွက်ရှိမှုမှာ အလုံးရေ သန်း ၂၈၀၀ မှ ၃၀၀၀ ကြားရှိသည်။ ပြည်တွင်းစားသုံးမှုနှင့် ပြုပြင်ထုတ်လုပ်သည့် စက်ရုံများ၏ လိုအပ်ချက်နှစ်ခုလုံးကို ဖြည့်ဆည်းနိုင်ရန် သီရိလင်္ကာနိုင်ငံသည် နှစ်စဉ် အုန်းသီးအလုံးရေ သန်း ၄၀၀၀ ထုတ်လုပ်ရမည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံ၏ အုန်းသီးစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် အုန်းသီးသုတေသနဌာနက ၂၀၁၆-၂၀၂၀ မဟာဗျူဟာစီမံချက် ချမှတ်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အုန်းသီးပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ကြသည့်ကုမ္ပဏီများသည် အုန်းဆံမှုန့်ခြောက်၊ အုန်းဆံကြော်၊ အုန်းဆီ၊ အုန်းစိမ်းဆီ၊ အုန်းနို့၊ အုန်းနှစ်၊ အုန်းထောပတ်နှင့်အုန်းမှုန့်များ ပြုလုပ်ရောင်းချလျက်ရှိသည်။

အုန်းဆံမှုန့်အခြောက်သည် သီရိလင်္ကာနိုင်ငံရှိစားသောက်ကုန်ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများတွင် အရေးအကြီးဆုံးကုန်ကြမ်းဖြစ်ပြီး ပြည်ပသို့တင်ပို့မှုတွင် သီရိလင်္ကာမှ အီးယူသို့ အုန်းဆံမှုန့်အခြောက် ဝယ်လိုအား၏ ရှစ်ရာခိုင်နှုန်းနှင့် အုန်းစိမ်းနှင့်အုန်းသီးခြောက် ကမ္ဘာ့ဝယ်လိုအား၏ ငါးရာခိုင်နှုန်းကို တင်ပို့လျက်ရှိသည်။

အုန်းသီးအခြေခံ ထုတ်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သည့် အုန်းခွံနှင့်အုန်းဆံမျှင်အခြေခံ ကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ၊ အုန်းမှုတ်ခွံမီးသွေး ပြုလုပ်ခြင်းလုပ်ငန်းများလည်းရှိသည်။ အုန်းသီးအခြေခံထုတ်ကုန်များ ထွက်ရှိရေး၊ ကုန်ကြမ်းတည်ငြိမ်စွာရရှိရေးအတွက် အစိုးရက နည်းလမ်းများဖော်ဆောင်လျက်ရှိသည်။

ကုန်ကြမ်းများ တည်ငြိမ်စွာရရှိစေရန် ထောက်ပံ့ရေး ကွင်းဆက်တစ်လျှောက်ရှိ အခက်အခဲများကိုဖယ်ရှားခြင်း၊ ထုတ်ကုန်အသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တီထွင်ဆန်းသစ်ထုတ်လုပ်နိုင်ရန်အတွက် သုတေသနနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သုတေသနနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် မဟာဗျူဟာကျရင်းနှီးမြှုပ်နှံခြင်း၊ စဉ်ဆက်မပြတ်လုပ်ငန်းစဉ်ဆောင်ရွက်မှုများ တိုးတက်စေခြင်း၊ ထုတ်ကုန်အရည်အသွေးမြှင့်တင်ခြင်း၊ စက်ရုံ၊ စက်ပစ္စည်းနှင့်

သိုလှောင်ရုံများအဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုတိုးတက်စေခြင်းတို့ကို ဦးစားပေးဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**Source: မြန်မာ့အလင်း**

## ပြည်တွင်းရေနံဈေးတက်မည်မဟုတ်ကြောင်း တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြုပြင်ပြောင်းလဲရေး ကော်မရှင်၏ဝက်ဆိုဒ်တွင် ဖော်ပြအသိပေး

တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၏ဝဘ်ဆိုဒ်တွင် ၂၉-၆-၂၀၂၂ ရက်နေ့တွင် ဖော်ပြချက်အရ တရုတ်နိုင်ငံ၏ ရေနံထုတ်ယူမှုအချိုးသည် ၇၀ ရာခိုင်နှုန်းကို ကျော်လွန်သွားခဲ့ကြောင်း၊ လက်ရှိ ရေနံကုန်ချော ဈေးနှုန်းယန္တရားအရ ပြည်တွင်းရေနံကုန်ချောဈေးနှုန်းသည် နိုင်ငံတကာဈေးကွက် ရေနံစိမ်းပေါက်ဈေးဖြင့် အလုပ်လုပ်ရက် ၁၀ ရက်လျှင်တစ်ကြိမ် ပျမ်းမျှဈေးနှုန်းကို ညှိနှိုင်းပြောင်းလဲသတ်မှတ်ကြောင်း (ဆီဈေး နှုန်းညှိနှိုင်းမှု နေ့မတိုင်မီ ၁၀ ရက် ပျမ်းမျှဈေးနှုန်းကို နိုင်ငံတကာရေနံဈေးအဖြစ် ယခုမှစ၍ နောင်တွင်ရည်ညွှန်း) နိုင်ငံတကာ ရေနံဈေးနှုန်းသည် တရုတ်နိုင်ငံ၏ ဥပဒေအရ ကန့်သတ်ချက်၏ အမြင့်ဆုံးပမာဏဖြစ်သည့် တစ်စည်လျှင် ဒေါ်လာ ၁၃၀ ထက် ကျော်လွန်ပါက ဓာတ်ဆီနှင့် ဒီဇယ်ဈေးများကို မြှင့်တင်ခြင်းမပြုရန် (သို့မဟုတ်) မူအရ ထိုပမာဏအောက်လျှော့၍သာ ဈေးတက်ရန်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုအဆင့်နောက်ပိုင်း သုံးစွဲသူများနှင့် စားသုံးသူများအတွက် ဝန်ထုပ်ဝန်ပိုးလျှော့ချပေးရန်နှင့် အမှန်တကယ် ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ကျစေရန် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတကာရေနံဈေးနှုန်းသည် ဥပဒေအရ ကန့်သတ်ချက်၏ အမြင့်ဆုံးပမာဏဖြစ်သည့် တစ်စည်လျှင် ဒေါ်လာ ၁၃၀ ထက်ကျော်လွန်ပါက ဓာတ်ဆီနှင့် ဒီဇယ်ဈေးများကို ရေတို (နှစ်လထက်မကျော် လွန်သောကာလ) တွင် မြှင့်တင်ခြင်းမပြုရန်၊ အကယ်၍ နိုင်ငံတကာ ရေနံဈေးနှုန်း နှစ်လထက် ကျော်လွန်ဈေးတက်ပါက သင့်လျော်သောမူဝါဒနှင့် အစီအမံများဖြင့် ကြိုတင်သတ်မှတ်မည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

တစ်ချိန်တည်းတွင်ပင် ဆီချောသန့်စင်သော အင်တာပရိုက်စ်များ၏ ထုတ်လုပ်ရန်စိတ်အားထက်သန်မှုကို ကာကွယ်သည့် အနေဖြင့်လည်းကောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး တည်ငြိမ်သော ကုန်ချောထုတ်လုပ်မှုကို သေချာစေရန်အတွက် လည်းကောင်း ဗဟိုအစိုးရမှ ရေနံချက်လုပ်သည့် လုပ်ငန်းများအား အချိန်မှန်ဈေးနှုန်းထောက်ပံ့မှုများ ပံ့ပိုးပေးမည် ဖြစ်ကြောင်း၊ ဈေးနှုန်းညှိနှိုင်းမှုကာလအတွင်း ထောက်ပံ့ကြေးစံနှုန်းသည် ချိန်ညှိသော ဓာတ်ဆီနှင့်ဒီဇယ်ဈေးနှုန်းပမာဏ ဖြစ်သင့်ကြောင်း၊ ယင်းကို အရည်အချင်းပြည့်မီသော ရေနံချက်လုပ်ငန်းများ လုပ်ငန်းစဉ်အလိုက် လျှောက်ထားနိုင်ကြောင်း ဖော်ပြထားပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)**

**ရင်းမြစ် http://www.sunsirs.com/uk/detail_news-7815.html**

## ဂျာမနီနိုင်ငံကုန်သွယ်မှုနှင့် စက်သုံးဆီဈေးနှုန်းများအခြေအနေ

ဂျာမနီနိုင်ငံသည် တတိယကမ္ဘာ့အကြီးဆုံး ပို့ကုန်တင်ပို့သူဖြစ်ပြီး ပို့ကုန်တန်ဘိုးသည် နိုင်ငံစီးပွားရေး၏ ထက်ဝက်ခန့် ရှိပါသည်။ ၂၀၂၁ ခုနှစ်တွင် ပို့ကုန်ယူရို (၁၃၇၅.၆၅၈) ဘီလီယံနှင့် သွင်းကုန်ယူရို (၁၂၀၃.၁၇၄) ဘီလီယံရှိပြီး ကုန်သွယ်မှုပိုငွေ ယူရို (၁၇၂.၄၈၄) ဘီလီယံရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ် မေလအတွင်း စုစုပေါင်းပို့ကုန်တန်ဖိုး ၁၂၂.၃၀၀ ဘီလီယံရှိခဲ့ပြီး အီးယူပြင်ပနိုင်ငံများသို့ ပို့ကုန်တန်ဖိုး ယူရို (၅၇.၇) ဘီလီယံရှိခဲ့ရာ ဧပြီလထက် ၁.၁ ရာခိုင်နှုန်းအားဖြင့် တိုးတက်ခဲ့ပါသည်။ အဓိကတင်ပို့ခဲ့သည့်နိုင်ငံမှာ အမေရိကန်နိုင်ငံသို့ဖြစ်ပြီး တန်ဖိုးအားဖြင့် ယူရို (၁၃.၆) ဘီလီယံဖြစ်ကာ ကာလတူ ၂၀၂၁ ခုနှစ်၊ မေလထက် အမေရိကန်နိုင်ငံသို့ ၄၉.၇ ရာခိုင်နှုန်း ပိုမိုတိုးတက်တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အခြားတင်ပို့ခဲ့သည့် နိုင်ငံများမှာ တရုတ်နိုင်ငံသို့ ယူရို (၉.၃) ဘီလီယံ၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ယူရို (၅.၉) ဘီလီယံ တင်ပို့ခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူထက် အသီးသီး ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ ရုရှားနိုင်ငံသို့ တင်ပို့မှုမှာမူ ဧပြီလတွင် ယူရို (၀.၈) ဘီလီယံနှင့် မေလတွင် ယူရို (၁.၁) ဘီလီယံတို့ဖြစ်ကာ ၂၀၂၁ ခုနှစ်ကာလတူထက် ၆၄.၁ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ပါသည်။ ရုရှားနိုင်ငံ

အနေဖြင့် မေလတွင် ဂျာမနီနိုင်ငံ၏ ပို့ကုန်နိုင်ငံများအနက် အဆင့် (၁၀) နေရာတွင်ရှိနေပါသည်။ ဂျာမနီနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်းပို့ကုန်များမှာ မတ်လတွင် ယူရို (၁.၀၀၁) ဘီလီယံရှိခဲ့ရာမှ ဧပြီလတွင် ယူရို (၈၆၇.၁၀) သန်းသို့ ကျဆင်းခဲ့သည်။

သွင်းကုန်ပိုင်းတွင် ၂၀၂၂ ခုနှစ်၊ ဧပြီလ၌ စုစုပေါင်းသွင်းကုန်တန်ဖိုး ယူရို (၁၂၁.၄၅၄) ဘီလီယံရှိခဲ့ရာ တရုတ်နိုင်ငံမှ ယူရို (၁၆.၇) ဘီလီယံတင်သွင်းမှုရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူထက် ၅၂.၈ ရာခိုင်နှုန်း ပိုမိုတင်သွင်းမှုရှိခဲ့ပါသည်။ တရုတ်နိုင်ငံမှ အဓိကတင်သွင်းကုန်များမှာ ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ၊ Chemical products ၊ Data processing equipment များဖြစ်ကြပါသည်။ ရုရှားနိုင်ငံမှ ယူရို (၃.၇) ဘီလီယံဖိုးတင်သွင်းခဲ့ပြီး ရေနံနှင့်ဓါတ်ငွေ့၊ ကျောက်မီးသွေးနှင့် refined petroleum products တို့ဖြစ်ပါသည်။ ကုန်သွယ်မှုပိုငွေအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ပိုငွေ ယူရို (၀.၈)ဘီလီယံရှိခဲ့ပါသည်။

ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံသို့ ၂၀၂၁ ခုနှစ်၊ မေလမှ ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်းတင်ပို့မှုမှာ ၂၀၂၂ ခုနှစ်၊ မတ်လတွင် ယူရို (၁၉.၃၄၈) သန်းဖြင့် အများဆုံးတင်ပို့ခဲ့ပြီး ဧပြီလတွင် ယူရို (၇.၄၄၆) သန်းသို့ ရောက်ရှိခဲ့ပါသည်။

ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှ ၂၀၂၁ ခုနှစ်၊ မေလမှ ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း တင်သွင်းမှုမှာလည်း ၂၀၂၂ ခုနှစ်၊ မတ်လတွင် ယူရို (၁၂၁.၇၂၇) သန်း ဖြင့် အများဆုံးတင်သွင်းခဲ့ပြီး ဧပြီလတွင် ယူရို (၁၀၄.၆၁) သန်း တင်သွင်းမှုရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ် ပထမသုံးလပတ်အတွင်း ဂျာမနီနိုင်ငံ၏ ဂျီဒီပီမှာ (၀.၂) ရာခိုင်နှုန်းအားဖြင့် တိုးတက်မှုရှိပြီး ငွေကြေးဖောင်းပွမှုနှုန်းမှာ မေလတွင် (၇.၉) ရာခိုင်နှုန်းရှိပါသည်။ ဂျာမနီနိုင်ငံတွင် အခြားအီးယူအဖွဲ့ဝင်နိုင်ငံများနည်းတူ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျှက်ရှိပြီး ၁ လီတာလျှင် သတ်မှတ် နှုန်းဖြင့် အခွန်သက်သာခွင့် (ဓါတ်ဆီ၁လီတာလျှင် ၂၉.၅၅ ဆင့်၊ ဒီဇယ် ၁ လီတာလျှင် ၁၄.၀၄ ဆင့်) ကို ၃ လ (ဇွန်လမှ ဩဂုတ်လထိ) ပေးထားသည့်အစီအစဉ်ကြောင့် အချို့ အိမ်နီးချင်းနိုင်ငံများထက် အနည်းငယ်ဈေးသက်သာနေခြင်းရှိနေသည်။ အိမ်ခန်းဈေးနှုန်းများမှာလည်း ၂၀၂၂ ခုနှစ် ပထမ (၃) လအတွင်း ၂၀၂၁ ခုနှစ် ကာလတူထက် ၁၂ ရာခိုင်နှုန်းမြင့်တက်မှုရှိလာသလို စားသောက်ကုန်နှင့်အခြားကုန်စည်ဈေးနှုန်းများလည်း မြင့်တက်လာနေပါသည်။

ဥရောပကော်မရှင်က အပတ်စဉ်ထုတ်ပြန်သော အီးယူ (၂၇) နိုင်ငံရှိ Eurosuper 95 နှင့် ဒီဇယ်ဆီတို့၏ တစ်လီတာ စက်သုံးဆီဈေးနှုန်းများ (အခွန်ပေးဆောင်မှုအပါအဝင်) မှာ https://www.destatis.de/Europa/DE/Thema/Verkehr/kraftstoffpreise.html တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Sources:https://tradingeconomics.com/germany/exports**

**https://www.destatis.de/EN/Themes/Economy/Short-Term-Indicators/IMF/ IMF_IWF.html? nn= 22952#External**

## STOCK EXCHANGE (8.7.2022)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 8th Jul. 2022

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | -100 | -1.33% | 7,400 | 7,400 | 7,400 | 77 | 569,800 | 33,109,694 | 245,012 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 3,084 | 8,172,600 | 38,929,150 | 103,162 |
| MCB | 00003 | 7,100 | -200 | -2.74% | 7,300 | 7,300 | 7,100 | 3 | 21,700 | 10,400,986 | 73,848 |
| FPB | 00004 | 17,500 | -500 | -2.78% | 17,500 | 17,500 | 17,500 | 1 | 17,500 | 2,472,053 | 43,261 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 511 | 1,277,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 19,977,223 | 49,943 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 68 | 333,200 | 10,497,598 | 51,438 |

## Market summary

As of 8th Jul. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 344.17 | -3.81 | -1.09% | 347.98 | 347.98 | 344.17 | 3,744 | 10,392,300 | 7 | 598,722 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 8th Jul. 2022

| MYANPIX | 344.17 ▼ 3.81 |
|---|---|
| Total Volume (shares) | 3,744 |
| Total Value (MMK) | 10 mil |
| Listed Company | 7 |
| Market Cap. (MMK) | 598,722 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▼ 100 |
| MTSH | 00002 | 2,650 | ▲ 0 |
| MCB | 00003 | 7,100 | ▼ 200 |
| FPB | 00004 | 17,500 | ▼ 500 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |